# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 30 , 2025 | Volume 86 , Number 21


| ၃၀ . ၁. ၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၈.၃၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၀၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၅.၅၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၈.၄၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၆၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၈.၀၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## တစ်နှစ်အတွင်း အရန်ဆန်အိတ်ရေ ၂၀၀,၀၀၀ နီးပါး ရောင်းချပေးထား




ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်၏ တစ်နှစ်တာအတွင်း အရန်ဆန်အိတ်ရေ ၂၀၀,၀၀၀ နီးပါး ရောင်းချပေးထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ နှစ်ပတ်လည်အစီရင်ခံစာအရ သိရသည်။

ပို့ကုန်အခြေပြုအရန်ဆန်များကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ပို့ကုန်တန်ချိန်အပေါ်မူတည်၍ ဝယ်ယူစုဆောင်းခဲ့ကြောင်း သိရသည်။

အဆိုပါ အရန်ဆန်များကို ကဏ္ဍ(၆)ခုသို့ သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ပြန်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ရောင်းချပေးမှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်လီဆန်ဆိုင် ၅၈ ဆိုင်မှတစ်ဆင့် ရောင်းချပေးခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ တိုင်းစစ်ဌာနချုပ် ၉ ခုရှိ တပ်ရင်းတပ်ဖွဲ့မိသားစုဝင်များအတွက် လစဉ်ရောင်းချခြင်း၊ ဝန်ကြီးဌာန၊ ဌာနဆိုင်ရာ ၃ ခုသို့ရောင်းချခြင်း၊ အမ်းဒေသသို့ရောင်းချခြင်း ပထမအကြိမ် ဧပြီလ ၆၂၀၅ အိတ်၊ ဒုတိယအကြိမ် မေလ ၆၁၇၀ အိတ်၊ အခြား(ကုမ္ပဏီနှင့်အသင်းအဖွဲ့များသို့ ရောင်းချပေးခြင်း)၊ ရေဘေးအလှူအတွက် ရောင်းချပေးခြင်း စုစုပေါင်း ၁၉၉,၂၀၄ အိတ် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် အရန်ဆန်များကို ဈေးနှုန်းမြင့်တက်ချိန်တွင် သက်သာစွာ ရောင်းချပေးနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ကူညီဆောင်ရွက်နိုင်ရန် အရန်ဆန်ကို စုဆောင်းခြင်းဖြစ်ကြောင်း သိရသည်။

Source: Popular News Journal

## ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ရန် ဝယ်လိုအားကောင်းနေတာကြောင့် ပြည်တွင်းပြောင်းဈေးမြင့်တက်လာ



ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်ပြီး အခွန်ကင်းလွတ်ခွင့်ဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ရန် ဝယ်လိုအားကောင်းနေတာကြောင့် ဇန်နဝါရီလကုန်ပိုင်းရက်များတွင် ပြည်တွင်းပြောင်းဈေးကွက် အနည်းငယ်မြင့်တက်လာကြောင်း ပြောင်းတင်ပို့သူများထံမှ သိရသည်။

ပြည်တွင်း ပြောင်းဈေးကွက်မှာ ဇန်နဝါရီလဆန်းပိုင်းက ဈေးကျဆင်းနေရာမှ ဇန်နဝါရီလကုန်ပိုင်းရက်များတွင် ပြောင်းတစ်ပိဿာလျှင် ကျပ် ၁၆၉၀ (ရန်ကုန်)၊ ကျပ် ၁၆၀၀ (မန္တလေး)၊ ကျပ် ၁၅၅၀ (တောင်ကြီး) အသီးသီး ပေါက်ဈေးဖြစ်လာသည်။

ထို့ပြင် ပို့ကုန်ရငွေအပေါ် အခွန်ကောက်ခံသည့် နှုန်းထားများကိုလည်း ပြင်ဆင်ကောက်ခံရာ ယခင်က ပြောင်းလဲလိုက်သည့် အခွန်မူဝါဒမှာ ပို့ကုန်ရငွေ ဒေါ်လာ ၃၅၀၀ ကျော်အပေါ်မှာ ကောက်ခံခြင်းကို ယခုအခါ ပို့ကုန်ရငွေ ဒေါ်လာ ၂၁၀၀ အပေါ်တွင် ပြောင်းလဲကောက်ခံခြင်းကြောင့် ပြည်တွင်းပြောင်းဈေး တစ်ပိဿာလျှင် ကျပ် ၃၀ ခန့် ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့မှုကို ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ တင်ပို့နိုင်ရန် ရန်ကုန်သီလဝါဆိပ်ကမ်းတွင် ပြောင်းတင်သင်္ဘောလေးစီး ဆိုက်ကပ်ထားပြီး ပြောင်းတင်ပို့သူများအနေဖြင့် ဝယ်ယူမှု အားကောင်းနေတာကြောင့်လည်း ပြည်တွင်းပြောင်းဈေးမှာ မြင့်တက်လာသည်။

ပြောင်းတင်ပို့မှုအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၈ လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၃၈၂ သန်းရရှိထားပြီး ပြောင်းတန်ချိန် ၁ ဒသမ ၆၉ သန်း တင်ပို့နိုင်ခဲ့သည်။ မြန်မာနိုင်ငံမှာ ပြောင်းကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ အဓိကတင်ပို့သည်။

မြန်မာနိုင်ငံတွင် ပြောင်းစိုက်ပျိုးမှုအနေဖြင့် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းများကို ဒေသအလိုက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဝဥအစို အဝယ်ရပ်၍ ဈေးအနည်းငယ်ကျဆင်း




တရုတ်နှစ်သစ်ကူးချိန် ဝဥအစိုအဝယ်ရပ်ထားသောကြောင့် ဈေးကျဆင်းသွားကြောင်း ကုန်သည်တချို့ထံမှ သိရသည်။ တရုတ်နှစ်သစ်ကူးချိန် တရုတ်ကုန်သည်များက အရောင်းအဝယ်ရပ်ထားကြသည့်အတွက် အချို့အရောင်းအဝယ်ကိစ္စများမှာ အချိန်ကြန့်ကြာမှုများရှိသည့်အတွက် အရောင်းအဝယ်များ ရပ်နားထားခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် ယခုနှစ် ဝဥဈေးမှာ ယခင်နှစ်များထက် ဈေးကောင်းနေကြောင်း ကုန်သည်များထံမှသိရသည်။ "တရုတ်တွေက နှစ်ကူးရင် အလုပ်မလုပ်ကြဘူး၊ ကိုယ်တင်ပို့လိုက်မှ အရောင်းအဝယ်ကြာသွားရင် ဝဥက ကြာရှည်မခံဘူး၊ အရှုံးပေါ်နိုင်တယ်၊ ဒါကြောင့် အရောင်းအဝယ်တွေ ခေတ္တရပ်ထားတဲ့သဘောပါ။ ရပ်ထားလို့ ခဏအေးသွားတာ"ဟု ချင်းပြည်နယ်မှ ဝဥကုန်သည်တစ်ဦးကပြောသည်။

ယခင်က ဝဥတစ်ပိဿာလျှင် ၄၀၀၀ ကျော်ထိရရှိခဲ့ပြီး လက်ရှိတွင် ၂၅၀၀ ဝန်းကျင်သာ ပေါက်ဈေးရှိတော့ကြောင်း သိရသည်။ ထို့ပြင် တင်ပို့မှုလမ်းကြောင်းများတွင် အဆင်မပြေမှုများကြောင့် သယ်ယူပို့ဆောင်ရေးတွင်လည်း အခက်အခဲရှိကြောင်း သိရသည်။

“၂၀၂၅ ခုနှစ် ဝဥစိုက်ပျိုးထားသူဟာ သေချာပေါက်ဈေးကောင်းရမှာ၊ စိုက်ပျိုးကေနည်းလာခြင်းက ယခုစိုက်ပျိုးမဲ့သူတွေအတွက် ဈေးကွက်ခိုင်မာစေတယ်” ဟု ဝဥကုန်သည်တစ်ဦးက ပြောသည်။

ဝဥအစိုများကို ပွဲရုံနှင့်စက်ရုံများက ဝဥအခြောက်ပြုလုပ်ကာ တရုတ်နိုင်ငံကို အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီလနှင့်နောက်ပိုင်း ဝဥခြောက်ဈေးများ မြင့်တက်လာနိုင်ပြီး ဈေးကွက်ကောင်းလာနိုင်ကြောင်း သုံးသပ်ကြသည်။

**Source: AMIA**

https://www.htwettoe.com/download

## ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။ ဟသ်ာတမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကာ ကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ “ဟသ်ာတမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ပါ အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ဆန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်”ဟု ဟသ်ာတမြို့နယ်ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။ ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ကျပ် ၁၂၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း၊ ဟသ်ာတမြို့နယ်ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်ထံမှ သိရှိရသည်။

**Source: ရတနာပုံသတင်းစာ**

https://myantrade.gov.mm/article/naypyitaw_3012025_1050

## ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း အသားစားကြက် ပိသ်ာချိန်အများအပြား ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း အသားစားကြက် ပိသ်ာချိန်အများအပြား ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက မွေးမြူရေးအသားစား ကြက်ပိသ်ာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ မွေးမြူရေးအသားစားကြက်ပိသ်ာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်မွေးမြူရေး

အသားစားကြက်များကို ဝယ်ယူပြီး ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ "ဘိုကလေးမြို့နယ်ကနေ ရန်ကုန်စျေးကွက်ကို မွေးမြူရေးအသားစားကြက်တွေ အကောင်လိုက်အရှင်ကို ပိဿာချိန်နဲ့ တင်ပို့ရောင်းချနေပါတယ်။ ဒီလိုတင်ပို့ရောင်းချတဲ့နေရာမှာ တစ်လအတွင်း မွေးမြူရေးအသားစားကြက်ပိဿာချိန် ၆၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။

မွေးမြူရေးအသားစားကြက်တွေ အရောင်းအဝယ်ကောင်းလာတာကြောင့် မွေးမြူတဲ့သူတွေကတော့ အဓိကအဆင်ပြေတာ တွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုကပြောပြသည်။ ဘိုကလေးမြို့နယ်မှ မွေးမြူထွက်ရှိလာသည့် မွေးမြူရေးကြက်သားများကို ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ မွေးမြူရေးကြက်များကို ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချသည့်အား တက်လာသည့်အတွက် မွေးမြူရေး\လုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကားသမားများ အဆင်ပြေနေကြောင်း ဘိုကလေးမြို့နယ်မှ မွေးမြူရေး ထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုထံမှသိရသည်။

**Source: ရတနာပုံ သတင်းစာ**

https://myantrade.gov.mm/article/naypyitaw_ 3012025_1035

## ပြည်ပမှတင်သွင်းသည့် ဘိလပ်မြေများ ဖေဖော်ဝါရီလတွင် ရောက်ရှိမည်

ပြည်တွင်း၌လိုအပ်သည့် ဘိလပ်မြေများကို ပြည်ပမှတင်သွင်းရာတွင် လာမည့်ဖေဖော်ဝါရီလ၌ ရောက်ရှိမည်ဖြစ်ကြောင်း ဘိလပ်မြေတင်သွင်းခွင့်ဆိုင်ရာ တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်ကို ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှ ဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်း သိရသည်။

အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဘိလပ်မြေစက်ရုံ ၁၉ ရုံရှိပြီး ယင်းစက်ရုံများမှ ဘိလပ်မြေ ထုတ်လုပ်လျက် ရှိသည့်အတွက် ပြည်ပမှတင်သွင်းမှု အထိုက်အလျောက်လျော့ကျခဲ့ကြောင်းသိရသည်။

ပြည်တွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးလိုသည့် ဘိလပ်မြေကို တရုတ်၊ ထိုင်းနှင့်မလေးရှားနိုင်ငံတို့မှ အဓိက တင်သွင်းနေခြင်းဖြစ်ကြောင်း သိရသည်။

**Souce: Popular News Journal**

## ထိုင်းနိုင်ငံမှ တင်ပို့လာသော ဒူးရင်းသီးများတွင် Basic Yellow 2 (BY2) ကင်းစင်ကြောင်း စစ်ဆေးပြီးနောက် တရုတ်အစိုးရက ပြန်လည်တင်ပို့ခွင့်ပြုခဲ့

ထိုင်းနိုင်ငံမှတရုတ်နိုင်ငံသို့ တင်ပို့ခဲ့သော ဒူးရင်းသီးများတွင် အရောင်ဆိုးဆေး Basic Yellow 2 (BY2) ပါဝင်သည်ဟု သံသယဖြင့် ဇန်နဝါရီလ ၁၀ ရက်က တင်ပို့ခွင့်ပိတ်ခဲ့ပြီးနောက် ဒူးရင်းသီးများကို စစ်ဆေးကြည့်ခဲ့ရာ Basic Yellow 2 (BY2) ကင်းစင်ကြောင်း စစ်ဆေးအတည်ပြုချက်အရ တရုတ်အစိုးရက ပြန်လည်တင်ပို့ခွင့်ပြုခဲ့ကြောင်း တရုတ် ဂွမ်ကျိုးပြည်နယ် ထိုင်းကောင်စစ်ဝန်ချုပ်ရုံးရှိ စိုက်ပျိုးရေးရုံးမှ ထုတ်ပြန်ထားချက်အရ သိရသည်။

The General Administration of Customs of China (GACC) တင်သွင်းလာသော ဒူးရင်းသီးများအားလုံးသည် Basic Yellow 2 (BY2) အတွက် ပို့ကုန်အကြို စစ်ဆေးမှု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သွင်းကုန်များသည် တရုတ်ဆိပ်ကမ်းသို့ ရောက်ရှိလာပါက အကောက်ခွန်ဝန်ထမ်းများက ကုန်သေတ္တာတိုင်းမှ ဒူးရင်းသီးနမူနာများကို ကျပန်းပုံစံယူ၍ ဓာတ်ခွဲခန်းတွင် စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ယိုယိဂွမ် စစ်ဆေးရေးဂိတ်ကို ဖြတ်သန်းရောက်ရှိလာသော ထိုင်းဒူးရင်းသီး ကုန်သေတ္တာ ၃ လုံးသည် BY2 ကင်းစင်သည်ဟု ဂွမ်ကျိုးရှိ စိုက်ပျိုးရေးရုံးက ဇန်နဝါရီလ ၂၀ ရက်တွင် ပြောကြားခဲ့ကြောင်း၊ ဒူးရင်းသီးများကို နောက်ရက်တွင် တင်ပို့ခွင့်ပြုခဲ့ပြီး တရုတ်နှစ်သစ်ကူးနှင့် အချိန်ကိုက်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးရုံးသည် အကောက်ခွန်ဂိတ်ရှိ BY2 စစ်ဆေးမှုကို စောင့်ကြည့်လျက်ရှိပြီး ထိုင်းပို့ကုန်လုပ်ငန်းရှင်များအတွက် လိုအပ်သောသတင်းအချက်အလက်များ ထုတ်ပြန်

ပေးရန်ဖြစ်ကြောင်း စိုက်ပျိုးရေးရုံးက ပြောကြားချက်အရ သိရသည်။

GACC က ဒူးရင်းသီးသယ်ဆောင်လာသော ကုန်သေတ္တာ ၇ လုံးတွင် BY2 စစ်ဆေးတွေ့ရှိခဲ့ပြီး ကုန်သေတ္တာ ၂ လုံးတွင် လေချူသီး (Longan) များ သယ်ဆောင်ထားပါကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနက သစ်သီးများသည် ပို့ကုန် သို့မဟုတ် သွင်းကုန် အတွက် စိတ်ချရသော သက်သေခံလက်မှတ်ဖြစ်သည့် ပိုးမွှားကင်းစင်သည့် သက်သေခံလက်မှတ် (Phytosanitary Certificates-PC) အား ဒူးရင်းသီး သိုလှောင်ရုံ ၈ ခုသို့ ထုတ်ပေးမှုကို ရပ်ဆိုင်းထားခဲ့ပါကြောင်း၊ ရပ်ဆိုင်းထားမှုသည် ဗုဒ္ဓဟူးနေ့တွင် စတင်မည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် အစားအစာလုံခြုံစိတ်ချရမှု စံနှုန်းများအား မမြှင့်တင်သည့်အချိန်အထိ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း၊ ဒူးရင်းသီး တင်ပို့မှုအားလုံးသည်လည်း တရုတ်နိုင်ငံသို့ မတင်ပို့မီ စစ်ဆေးမှုခံယူရမည်ဖြစ်ကြောင်း၊ လေကြောင်းဖြင့်တင်ပို့မည့် ဒူးရင်းသီးများကို သုဝဏ္ဏဘူမိလေဆိပ်တွင် စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန အပင်နှင့် စိုက်ပျိုးရေးပစ္စည်းများ ထိန်းချုပ်ကွပ်ကဲမှုရုံး ညွှန်ကြားရေးမှူး Mr. Chaisak Rinkluan က ပြောကြားခဲ့သည်။

**Source:** [www.bangkokpost.com](http://www.bangkokpost.com)

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/article/npt-300120251115

## ထိုင်းနိုင်ငံ၏ ပီလောပီနံ ဝယ်လိုအားသည် လာမည့်လများအတွင်း ၁၅ ရာခိုင်နှုန်း မြင့်တက်လာဖွယ် ရှိကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနက ခန့်မှန်းထားခဲ့

ထိုင်းနိုင်ငံ အကြီးစား တိရစ္ဆာန်အစာထုတ်လုပ်သူများက လာမည့် ၂ လ၊ ၃ လအတွင်း ပီလော ပီနံပြားများသုံးစွဲမှုကို ၁၅ ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲသွားနိုင်ကြောင်း ပြည်တွင်းကုန်သွယ်ရေး ဦးစီးဌာနက ခန့်မှန်းထားကြောင်း သိရသည်။

မွေးမြူရေးကဏ္ဍနှင့် တိရစ္ဆာန်အစာထုတ်လုပ်သူများကို တိရစ္ဆာန်အစာဖော်မြူလာများတွင် ပီလောပီနံပြားများ အသုံးပြုမှုကို အားပေးရန်အတွက် ဦးစီးဌာနသည် ထိုင်းကုန်သည်ကြီးများအသင်း၊ ကုန်သွယ်ရေးဘုတ်အဖွဲ့၊ အရှေ့မြောက်ပိုင်း ပီလောပီနံ ထုတ်လုပ်သူများအသင်းနှင့် ထိုင်းအစာကြိတ်ခွဲသူများအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကနဦး ရည်မှန်းချက်မှာ လတ်ဆတ်ပီလောပီနံ တန်ချိန် ၂ ဒသမ ၅ သန်းနှင့်ညီမျှသော ပီလောပီနံပြား တန်ချိန် ၁ သန်းကို ဝယ်ယူရန် ဖြစ်ကြောင်း၊ အကြီးစားအစာ ထုတ်လုပ်သူများသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစ၍ အစာထုတ်လုပ်ရာတွင် ပီလောပီနံပြား ၁၅ ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲလျက်ရှိရာ လာမည့် ၂ လ၊ ၃ လအတွင်း ထပ်တိုး ၁၅ ရာခိုင်နှုန်း သုံးစွဲမည်ဟု မျှော်မှန်းထားကြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Wittayakorn Maneenetr က ပြောကြားခဲ့သည်။

လက်ရှိ ပီလောပီနံ ဈေးနှုန်းအရ အစာထုတ်လုပ်သူများသည် အစာဖော်မြူလာများနှင့် ပါဝင်ပစ္စည်းသုံးစွဲမှုတိုးမြှင့်ရန် ချိန်ညှိနိုင်ပါကြောင်း၊ အကြီးစားထုတ်လုပ်သူများက ၎င်းတို့၏ ဖော်မြူလာများကို ပြင်ဆင်ပြီးဖြစ်ရာ ကဏ္ဍအတွင်းရှိ အခြားသော ဆောင်ရွက်နေသူများနှင့် ဆွေးနွေးပြီးဖြစ်ကြောင်း၊ ပြည်တွင်းကုန်ကြမ်းများကို အသုံးပြုခြင်းသည် ထုတ်လုပ်သူများအတွက် ဈေးနှုန်းတည်ငြိမ်ခြင်းနှင့် တောင်သူများကိုလည်း ထောက်ပံ့ပေးရာရောက်ပါကြောင်း၊ သန့်စင်ပြီးသော ပီလောပီနံထုတ်လုပ်သူ ၄၀ ကျော်ရှိပြီး သုံးစွဲသူ ဝယ်လိုအားအတိုင်း ထုတ်ပေးနိုင်ပါကြောင်း၊ ကစီဓာတ်ပါဝင်မှု ၂၅ ရာခိုင်နှုန်းရှိသော လတ်ဆတ် ပီလောပီနံ အမြစ်များသည် ၁ ကီလိုဂရမ်လျှင် ၂ ဒသမ ၂၈ ဘတ်ဖြစ်ပြီး အချို့ဒေသများတွင် ဘတ် ၂ ဒသမ ၁၀ မှ ၂ ဒသမ ၄၅ ကြား ရှိပါကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ဈေးနှုန်းအခြေအနေသည် ၂၀၂၁ ခုနှစ် ရုရှား-ယူကရိန်း ပဋိပက္ခမတိုင်ခင်အချိန်ကာလက ဈေးနှုန်းနှင့် တူညီပါကြောင်း၊ ဈေးနှုန်းနည်းနည်းနှင့် တွေ့ကြုံနေရသည့် ဒေသများမှ တောင်သူများအတွက် Public Warehouse Organization နှင့်ပူးပေါင်း၍ အခြားသောဒေသများမှ ဝယ်ယူသူများကို ခေါ်ယူလာစေပြီး ဖြန့်ချိမှုနှင့်ယှဉ်ပြိုင်မှုကိုမြှင့်တင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း ပီလောပီနံ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၃ ဘီလီယံရှိခဲ့ပြီး ၁၅ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း၊ ကျဆင်းရခြင်းမှာ ပီဗလာပီနံပြားများ တင်ပို့မှု ကျဆင်းခဲ့သောကြောင့်ဖြစ်ကြောင်း၊ အဓိက ဈေးကွက်များမှာ တရုတ်၊ ဂျပန်၊ အင်ဒိုနီးရှား၊ ထိုင်ဝမ်နှင့် မလေးရှားတို့ဖြစ်ကြောင်း သိရသည်။

**Source:** [www.bangkokpost.com](http://www.bangkokpost.com) **စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/article/npt-300120251155

## ဖိလစ်ပိုင်နိုင်ငံ၏ ဆေးရွက်ကြီးထုတ်လုပ်မှု မြင့်တက်လာဖွယ်ရှိ

၂၀၂၅ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၏ ဆေးလိပ်အရွက် (Tobacco Leaf)၊ ဆေးရွက်ကြီး ပြည်တွင်းထုတ်လုပ်မှု မြင့်တက်လာသည်ဟုမျှော်လင့်ပါကြောင်း၂၇-၁-၂၀၂၅ ရက်က ကျင်းပပြုလုပ်ခဲ့သည့် 2nd International Tobacco Summit တွင် ဖိလစ်ပိုင် အမျိုးသားဆေးရွက်ကြီးဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ (National Tobacco Admistration-NTA) မှ ပြောကြားခဲ့သည်။ ထုတ်ပြန်သည့် ကိန်းဂဏန်း အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် ဆေးရွက်ကြီးထုတ်လုပ်မှုမှာ ၄၂,၂၄၈.၅၂ မက်ထရစ်တန်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ၄၅,၄၀၁.၁၄ မက်ထရစ်တန်သို့ တိုးမြင့်ထွက်ရှိခဲ့သည်။ ၂၀၂၅ ခုနှစ်တွင်လည်း ၄၅,၅၇၉.၈၄ မက်ထရစ်တန်ထုတ်လုပ်ရရှိနိုင်မည်ဟု ခန့်မှန်းထားရှိသည်။

၂၀၂၅ ခုနှစ်အတွင်း ဆေးရွက်ကြီးစိုက်ပျိုးထုတ်လုပ်မှု ပိုမိုမြင့်တက်လာနိုင်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်ဆေးရွက်ကြီး စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌမှလည်း ပြောကြားခဲ့သည်။ အဓိကအကြောင်းအချက်များမှာ အချို့သောတောင်သူများသည် သက်ဆိုင်ရာ ပြည်နယ်အစိုးရများ၏ အားပေးကူညီမှုများကြောင့် ဆေးရွက်ကြီးစိုက်ပျိုးမှုဘက်ကို ပြောင်းရွှေ့စိုက်ပျိုးလာကြကြောင်း ဖော်ပြပါရှိသည်။ ၂၀၂၄ ခုနှစ်အတွင်း ဗာဂျီးနီးယားဆေးရွက်ကြီး စိုက်ပျိုးထုတ်လုပ်သည့်တောင်သူစုစုပေါင်း ၁၄,၃၅၀ ဦး၊ ဘာလီ (Burley)မျိုး စိုက်ပျိုးသူ ၆,၀၀၁ ဦးနှင့် Native Variety စိုက်ပျိုးသူ ၂၂,၇၀၇ ဦးတို့ရှိခဲ့ကြောင်း ဖော်ပြထားသည်။

သို့ရာတွင် ဗာဂျီးနီးယားဆေးရွက်ကြီး စိုက်ပျိုးသည့်ဧရိယာမှာ ၂၀၂၃ ခုနှစ်က ၁၀,၀၃၁ ဟက်တာ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ၉,၈၅၃ ဟက်တာသို့ ကျဆင်းခဲ့သည်ကို တွေ့ရှိရပြီး တစ်ဖက်တွင်လည်း ဘာလီမျိုးစိုက်ပျိုးသည့် ဧရိယာမှာ ၂၀၂၃ ခုနှစ်တွင် ၁၂,၀၅၆ ဟက်တာရှိရာမှ ၂၀၂၄ ခုနှစ်တွင် ၂,၉၇၈ ဟက်တာသို့ မြင့်တက်ခဲ့သည်။

ပြည်တွင်း ဆေးရွက်ကြီး၊ ဆေးလိပ်အရွက် (Tobacco Leaf) ပြည်တွင်း ဝယ်ယူမှု ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် တစ်ကီလိုလျှင် ၁၃၇ ဒသမ ၃၂ ပီဆိုမှ ၂၀၂၄ ခုနှစ်တွင် တစ်ကီလိုလျှင် ၁၂၉ ဒသမ ၀၄ ပီဆိုသို့ ကျဆင်းခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် တစ်ကီလိုလျှင် ၉၉ ဒသမ ၇၈ ပီဆိုထိ ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားရှိသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဆေးရွက်ကြီးစိုက်ပျိုးသူ မြင့်တက်လာရခြင်းမှာ ပြောင်းစိုက်ပျိုးရာတွင် လက်ရှိတွင် armyworm ခေါ်ပိုးကျရောက်သဖြင့် Westen Visayas ဒေသဘက်တွင် ပျက်စီးဆုံးရှုံးမှု ပမာဏ ပီဆို ၅၇ သန်းခန့်ရှိခဲ့ပါ ကြောင်း၊ ပြောင်းစိုက်ပျိုးသူများမှာ ပြောင်းနေရာတွင် ဆေးရွက်ကြီးအား ပြောင်းလဲစိုက်ပျိုးလာသည်။ ထို့ပြင် အစိုးရမှအသစ် ပြဋ္ဌာန်းခဲ့သည့် Republic Act (RA)7171 အရ ဒေသအစိုးရအဖွဲ့ (Local Government Units-LGU) များအနေဖြင့် ဗာဂျီးနီးယားဆေးရွက်ကြီးမှ ထုတ်လုပ်သည့် စီးကရက်ထုတ်လုပ်ရောင်းချမှုမှ ကောက်ခံရရှိသည့် အခွန်ငွေ၏ ၁၅ ရာခိုင်နှုန်းကို ဒေသတွင်း ဆေးရွက်ကြီး စိုက်ပျိုးထုတ်လုပ်ခြင်းတွင် ပြန်လည်သုံးစွဲခွင့်ပြုထားသဖြင့် များများထုတ်လုပ်နိုင်ပါက များများသုံးစွဲခွင့် ရရှိနိုင်မည်ဖြစ်သောကြောင့် တောင်သူများအတွက် ဆွဲဆောင်သည့်နည်းလမ်းတစ်ခု ဖြစ်လာသည်။

ကမ္ဘာ့ဈေးကွက်တွင်လည်း ဆေးရွက်ကြီး (Tobacco) ထုတ်လုပ်သည့် ထိပ်တန်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ထုတ်လုပ်မှုကို လျှော့ချလိုက်ခြင်းကြောင့် ကမ္ဘာ့ဈေးကွက်တွင် ရောင်းလိုအားကျဆင်းခဲ့ပြီး ဈေးနှုန်းမြင့်တက်လာခဲ့သည်။ ထို့အတွက် ကမ္ဘာ့ဈေးကွက်တွင်း ဝယ်လိုအား တိုးလာခြင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ဆေးရွက်ကြီး (Tobacco) ဈေးကွက်မှာလည်း ယှဉ်ပြိုင်မှုအားကောင်းလာခဲ့ပြီး အမြင့်ဈေးနှုန်းရရှိခဲ့သည်ကို လေ့လာတင်ပြအပ်ပါသည်။ HS line (24) Tobacco and manufactured tobacco substitutes ဖြင့် ဖိလစ်ပိုင်နိုင်ငံမှ မြန်မာနိုင်ငံသို့ တင်ပို့မှုမှာ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၉ သန်း၊ ၂၀၂၄ ခုနှစ်တွင် ၃၁ ဒသမ ၄ သန်းထိရှိခဲ့ကြောင်း ဖိလစ်ပိုင် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

**Source: စီးပွားရေးသံမှူး၊ မနီလာမြို့**

https://myantrade.gov.mm/article/npt-300120251220

## တရုတ်နိုင်ငံ၏ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုက ပထမဆုံးအကြိမ်အဖြစ် တန်ချိန်ပေါင်း သန်း ၄၀၀ ကျော်လွန်

တရုတ်နိုင်ငံ၏ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် ပထမဆုံးအကြိမ်အဖြစ် ၂၀၂၄ ခုနှစ်တွင် တန်ချိန်ပေါင်း သန်း ၄၀၀ ကျော်လွန်လာခဲ့သည်။ တရုတ်နိုင်ငံ၏ ရေနံစိမ်းထုတ်လုပ်မှုသည် ၂၀၁၈ ခုနှစ်တွင် တန်ချိန် ၂၄ သန်း ရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ်တွင် တန်ချိန်ပေါင်း ၂၁၃ သန်းအထိမြင့်တက်လာသည်။

ထို့ပြင် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတွင်လည်း ပြီးခဲ့သည့်နှစ်တွင် ၂၄၆ ဒသမ ၄ ဘီလီယံ ကုဗမီတာအထိ မြင့်တက်လာခဲ့ကြောင်း တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ထားသည်။

နိုင်ငံ၏ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု မြင့်တက်လာခြင်းသည် ကမ်းလွန်နှင့် သမားရိုးကျမဟုတ်သည့် အရန်အရင်းအမြစ်များကြောင့်ဖြစ်ကြောင်း အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှု အဖွဲ့ကပြောသည်။

**Ref: Xinhua**

https://myawady.net.mm/node/63710

## STOCK EXCHANGE (30.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 30th Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,987 (Shares) | 34,611,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,800 | +100 | +1.30% | 7,800 | 7,800 | 7,700 | 1,288 | 10,031,400 | 33,109,694 | 258,256 |
| MTSH | 00002 | 3,050 | -50 | -1.61% | 3,050 | 3,100 | 3,050 | 5,195 | 15,847,000 | 38,929,150 | 118,734 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 0 | 0 | 10,400,986 | 88,408 |
| FPB | 00004 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,800 | 2,879 | 5,184,250 | 29,664,613 | 54,880 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,100 | 3,200 | 3,100 | 190 | 599,000 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,600 | 1,650 | 1,600 | 1,030 | 1,694,050 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 0 | 0 | 10,497,598 | 43,040 |
| MAEX | 00008 | 3,100 | -150 | -4.62% | 3,100 | 3,100 | 3,100 | 405 | 1,255,500 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 30th Jan. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.01 | +0.15 | +0.04% | 379.41 | 379.41 | 373.26 | 10,987 | 34,611,200 | 8 | 711,109 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 30th Jan. 2025

| Trading Volume | Trading Value |
|---|---|
| 11,794 (Shares) | 37,072,550 (MMK) |

## Main Board

As of 1:00 pm, 30th Jan. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,987 (Shares) | 34,611,200 (MMK) |

| MYANPIX | 377.01 ▲ 0.15 |
|---|---|
| Total Volume (shares) | 10,987 |
| Total Value (MMK) | 35 mil |
| Listed Company | 8 |
| Market Cap. (MMK) | 711,109 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,800 | ▲ 100 |
| MTSH | 00002 | 3,050 | ▼ 50 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 50 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 50 |
| AMATA | 00007 | 4,100 | ▲ 0 |
| MAEX | 00008 | 3,100 | ▼ 150 |

TIR